# ကျန်းမာရေးသတင်းအချက်အလက်ဝန်ဆောင်မှုလုပ်ငန်း




ယုံကြည်စိတ်ချရပြီး တိကျမှန်ကန်သော မရှိမဖြစ် လိုအပ်သည့် ကျန်းမာရေးသတင်းအချက်အလက် လိုအပ်ချက်များကို အချိန်မီ ဖြည့်တင်းပေးရန် ရည်ရွယ်၍ စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေး သတင်းစနစ် (HMIS) ကို ၁၉၉၅ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပါသည်။ အသစ်ထူထောင်ခဲ့သော စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်သည် လက်ရှိ ကျန်းမာရေးစီမံချက်တစ်ခုချင်း၏ သတင်းအချက်အလက် လိုအပ်ချက်များ အပေါ် အခြေခံပြီး ကိန်းဂဏန်းများ ကောက်ယူမှုကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ အဓိကရည်ရွယ်ချက်များမှာ အမျိုးသား ကျန်းမာရေး သတင်းအချက်အလက်စနစ်၌ ဦးစားပေးစီမံချက်များ၏ ပေါင်းစပ်ထားသည့် မရှိမဖြစ် သတင်းအချက်အလက်များ အနည်းဆုံးဖြစ်စေရန်၊ အမျိုးသား ကျန်းမာရေး စီမံကိန်း အကောင်အထည်ဖော်ရေးတွင် အချိန်မီထိရောက်သော ကြီးကြပ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်နိုင်ရန် ရရှိထားသော သတင်းအချက်အလက်များအား ဖြန့်ဝေခြင်းနှင့် အစီရင်ခံခြင်းတို့ကို ဆောင်ရွက်ရန် အခြေခံကျန်းမာရေး ဝန်ထမ်းများ၏ ကိန်းဂဏန်းများ ကောက်ယူမှု ဝန်ထုပ်ဝန်ပိုးကို လျော့ချပေးရန်တို့ ဖြစ်ပါသည်။ စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေး သတင်းစနစ်သည် ကျန်းမာရေးစနစ် ဘက်စုံအောင်မြင် တိုးတက်မှုအတွက် မူဝါဒရေးဆွဲရေးနှင့် စီမံချက်နှင့်စီမံခန့်ခွဲမှုများအတွက် ဆုံးဖြတ်ချက်ချရန်အတွက် ပြည်သူလူထုအခြေပြု သတင်းအချက်အလက်များ ပါဝင်သလို လုပ်ငန်း၊ ဌာန အခြေပြု သတင်းအချက်အလက်များလည်းပါဝင်ပါသည်။.



စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေး သတင်းစနစ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပံ့ပိုးမှုဖြင့် ပြည်နယ်နှင့် တိုင်းအားလုံး၌ ကွန်ပျူတာကွန်ယက် (အီလက်ထရွန်နစ် ကျန်းမာရေးစနစ်)ကိုလည်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

ကျန်းမာရေး သတင်းအချက်အလက် အစိတ်အပိုင်းတစ်ခုဖြစ်သည့် ဆေးရုံအစီရင်ခံစာလုပ်ငန်းအနေဖြင့် ရောဂါဖြစ်ပွားမှုများနှင့် ဆေးရုံအုပ်ချုပ်မှုဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူ့ဆေးရုံများမှ လစဉ်ကောက်ယူလျက်ရှိပါသည်။ တစ်ဦးချင်းစီ၏ ဆေးရုံဆင်းခြင်း၊ သေဆုံးခြင်းနှင့် စပ်လျဉ်းသည့် ဖြစ်ရပ်များကို သုံးသပ်ထားသည့် အကျဉ်းချုပ်မှတ်တမ်းများမှ ရယူထားသည့် သတင်းအချက်အလက်များ စုစည်းသုံးသပ်ခြင်းကို ကျန်းမာရေး စီမံကိန်းဦးစီးဌာနတွင် ဆောင်ရွက်လျက်ရှိပါသည်။ ဆေးရုံများတွင် ဆေးမှတ်တမ်းများ ထိန်းသိမ်းခြင်း လုပ်ငန်းများ တည်ထောင်ထားရှိပြီး၊ ဆေးမှတ်တမ်းအရာရှိများအတွက် ဆေးမှတ်တမ်းထိန်းသိမ်းခြင်း သင်တန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာသုံး ရောဂါ သင်္ကေတပြုစုခြင်း (ICD-10) ကို အသုံးပြု၍ ရောဂါသင်္ကေတရေးမှတ်ခြင်း၊ အချက်အလက်များ ရေးသွင်းခြင်း၊ တွက်ချက်ခြင်းနှင့် နိုင်ငံတကာနှင့် နှိုင်းယှဉ်ပြီး ခွဲခြားစိပ်ဖြာ သုံးသပ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၀ ပြည့်နှစ်က စတင်၍ ကွန်ပျူတာသုံး ဆေးမှတ်တမ်းစနစ်ကို အချို့ဆေးရုံကြီးများ၌ ဆောင်ရွက်ခဲ့ပြီး တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

